ဆွတ်နန်းကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)
ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၂၁-၂၀၂၅)



လုပ်ငန်းအမည်	- ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း
တည်နေရာ	- ဆွတ်နန်းကျေးရွာ၊ မော်လိုက်မြို့နယ်
လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်သည့်အဖွဲ့အစည်း	- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ဘဏ္ဍာရေးနှစ်	- ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်
အတိုင်းအတာ	- ၄၀' x ၃၀' x ၁၂'
စီမံကိန်းထောက်ပံ့ငွေ	- ကျပ် (၁၀.၀၀)သန်း
ပြည်သူထည့်ဝင်ငွေ	- ကျပ် (၅.၉)သန်း
စုစုပေါင်းကုန်ကျငွေ	- ကျပ် (၁၅.၉)သန်း

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကော်မတီ
ဆွတ်နန်းကျေးရွာ၊ မော်လိုက်မြို့နယ်
(မော်လိုက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)
၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ

Scanned by CamScanner

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ/ကျေးရွာသားများ ပူးပေါင်းရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိမိတို့ကျေးရွာအား ဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ရန် ပူးပေါင်းညှိနှိုင်းရွေးချယ်ပေးခဲ့ကြပါသော ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်အဆင့်ဖွံ့ဖြိုးရေးမိတ်ဖက် ဌာနဆိုင်ရာများအားလုံး ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့်သက်ဆိုင်သည့်အရေးကြီးအချက်အလက်များနှင့် အကြံဉာဏ်များကို တက်ကြွစွာ ကူညီပံ့ပိုးပေးကြပါသော အုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့သော်လည်း လူထုအများအပြားပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သည့် နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာသည့် နည်းလမ်းအတွက်ကူညီပံ့ပိုးပေးမည့် အစီအစဉ်ရေးဆွဲရေးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ သင်တန်းပို့ချစီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးရေးဆွဲရာတွင် ကိန်းဂဏန်းသတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာ၏ဖွံ့ဖြိုးရေးလိုအပ်ချက်များကိုလည်းသိရှိပြီး မြို့နယ်ဌာနဆိုင်ရာများ၏ အကူအညီရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိရပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား အဓိကဖော်ပြထားပြီး စီမံကိန်းဆိုင်ရာအချက်အလက် အကြောင်းအရာများ အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆွတ်နန်းကျေးရွာ၊ မော်လိုက်မြို့နယ်

ရက်စွဲ၊ ၂၀၂၁ခု၊ စက်တင်ဘာလ ( )ရက်

Scanned by CamScanner

ဆွတ်နန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမှတ်တမ်း

နိဒါန်း

ဤဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော အတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်ဖြစ်ကြောင်း သိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိသည့်အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရယူရန် အရေးကြီးကြောင်းကိုသိရှိရပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့နေရသောပြဿနာများ၊ ပြဿနာဖြစ်ရသည့်အကြောင်းအရင်းများ၊ ဖွံ့ဖြိုးရေးအထောက်အပံ့ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များအပေါ် အခြေခံ၍ (၅)နှစ်တာကာလအတွင်းဆောင်ရွက်လိုသည့် ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်မည့်စီမံချက်များကို ဖော်ထုတ်၍ အစိုးရဌာနများ၊အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊အရပ်ဘက်လူမှုရေး အဖွဲ့အစည်းများ ၊သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများတို့ကို ချိတ်ဆက်၍ ဆောင်ရွက်ရမည်ကို သိရှိနားလည်စေခဲ့ပါသည်။။။

ရည်ရွယ်ချက်

လူထုဦးဆောင်ပါဝင်သည့် လုပ်ငန်းစဉ်ဖြစ်သောကြောင့် ကိုယ်တိုင်ပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရရှိစေ၍ ဖွံ့ဖြိုးရေးဖြစ်စဉ်တွင် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ဆွတ်နန်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ငွေကြေးအခက်အခဲ၊ ပစ္စည်းအခက်အခဲ၊ နည်းပညာအခက်အခဲများရှိ၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးအထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးပြည့်စုံမှုပေါ် မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Scanned by CamScanner

ကျေးရွာ၏တည်နေရာ၊ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ ဆွတ်နန်းကျေးရွာသည် ချင်းတွင်းမြစ်၏ အရှေ့ဘက်တွင် တည်ရှိပြီး အိမ်ခြေ(၆၄)လူဦးရေ(၃၇၀)ဦးအခြေခံပညာ မူလတန်းကျောင်းတစ်ကျောင်း၊ဘုန်းကြီးကျောင်းတစ်ကျောင်းရှိပြီး ရွာသူရွာသားများသည် လယ်နှင့်ကိုင်းလုပ်ငန်း အဓိကထားလုပ်ကိုင်ကြပြီး အချို့မှာ ရွှေမျောလုပ်ငန်းအနည်းစု လုပ်ကိုင်ကြပါသည်။ဆွတ်နန်းရွာသည် တောင်ဘက်သို့သွားလျှင် ကင်းတပ်သို့(၂)မိုင်၊မော်လိုက်သို့(၇)မိုင်ခန့်ဝေးပါသည်။မြောက်ဘက်သို့သွားလျှင် ဖဲကဇက်သို့(၁)မိုင်ခန့်ဝေးသော်လည်း ကျောင်းသူ/သားများ သွားလာရေးလွယ်ကူစေရန် သစ်သားတံတား(၁)စင်း ဆောက်လုပ်ထားပြီးဖြစ်ပါသည်။

ဆွတ်နန်းရွာသည် စီးပွားရေးအရ ပွင့်လင်းရာသီတွင် အလုပ်အကိုင်ပေါများသော်လည်း မြေယာမဲ့များအနေဖြင့် စီးပွားရေးကြပ်တည်းကြပါသည်။ကျန်းမာရေးအမြင်နှင့်ကြည့်ပါက ဆွတ်နန်းရွာနှင့်အိုးဘိုနှစ်ရွာတွင် သားဖွား ဆရာမတစ်ဦးရွှေပြောင်းမှုကြောင့် ကျန်းမာရေးအသိပညာနည်းပါးမှုတို့ကြောင့် မူးယစ်ဆေးစွဲသူ လူဦးရေ(၂၀)ရာခိုင်နှုန်း အရွယ်ရောက်သူ လူငယ်၏သုံးပုံ တစ်ပုံခန့် မူးယစ်ဆေးသုံးစွဲကြပါသည်။

ဆွတ်နန်းကျေးရွာတွင် ကျန်းမာရေးအတွက် ကင်းတပ်တိုက်နယ်ဆေးရုံနှင့်အိုးဘိုကျေးလက်ကျန်းမာရေးဌာနသို့ ကင်းတပ်တိုက်နယ်ဆေးရုံမှ ဆရာဝန်/မ များ လာရောက်ကြည့်ရှုကုသကြပြီး ကိုယ်ဝန်ဆောင်မိခင် ကျန်းမာရေးနှင့်ကလေးငယ်များ ကာကွယ်ဆေးထိုးခြင်းကို အိုးဘိုကျေးလက်ကျန်းမာရေးဌာနမှ နှစ်စဉ်တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။အနီးအနားရှိ ကျေးရွာများကလည်း ကျန်းမာရေးပြဿနာအတွက် ကင်းတပ်ကိုသာ အားထားကြရပါသည်။

ဆွတ်နန်းကျေးရွာတွင် ယနေ့အထိတက္ကသိုလ်၊ကောလိပ်အဆင့်ရှိသူ(၁၃)ဦး၊အထက်တန်းပညာအဆင့်(၂၉)ဦး၊အလယ်တန်းပညာအဆင့်(၇၁)ဦး၊မူလတန်းပညာအဆင့်(၂၀)ဦးရှိပါသည်။ စာမတတ်သူ(၂)ဦးရှိပါသည်။အဆင့်မြင့်ပညာနှင့် အခြေခံပညာသင်ကြားလျက်ရှိသူ(၉၆)ဦးရှိပါသည်။ ကျေးရွာလူဦးရေ၏(၁၂)ရာခိုင်နှုန်းသည် မူလတန်း၊ (၈)ရာခိုင်နှုန်းသည် အလယ်တန်း၊(၂)ရာခိုင်နှုန်းသည် အထက်တန်းနှင့်(၁)ရာခိုင်နှုန်းခန့်သည် အဆင့်မြင့်ပညာတက္ကသိုလ်၊ကောလိပ်များတွင် သင်ကြားနေပါသည်။

ဆွတ်နန်းကျေးရွာတွင် မြစ်ချောင်းများရှိသော်လည်း သန့်ရှင်းသောရေကို လုံလောက်စွာ မရှိပါ။အစိုးရမှပေးသော စက်တွင်း(၁)တွင်း ၊ကျေးရွာမှ စက်ရေတွင်း(၉)တွင်းနှင့် လက်ဆွဲတွင်း(၃)တွင်းရှိပါသည်။သို့သော်လည်း နွေရာသီတွင် ထိုရေတွင်းများမှခမ်းခြောက်သွား၍ ရေအခက်အခဲများစွာ ကြုံတွေ့ရပါသည်။စက်ရေတွင်းများမှာလည်း ရေကြောမကောင်းသဖြင့် သောက်သုံးရန် သောက်ရေသန့်ကို မရရှိကြပါ။

Scanned by CamScanner

ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

လူဦးရေဆိုင်ရာအချက်အလက်များ

ဆွတ်နန်းကျေးရွာတွင် နေထိုင်လျက်ရှိသော လူဦးရေမှာ (၃၇၀)ယောက်ဖြစ်ပါသည်။တစ်အိမ်ထောင်စုလျှင် ပျမ်းမျှလူဦးရေ(၆)ယောက်ခန့်ရှိပြီး လုပ်ငန်းခွင်၌ လုပ်ကိုင်နေသူမှာ(၂)ယောက်ခန့်ဖြစ်ပါသည်။ပျမ်းမျှ၏ကျန်(၄)ယောက်မှာ သက်ကြီးရွယ်အိုများနှင့် ကျောင်းနေအရွယ်ကလေး(သို့)နို့စို့အရွယ်ကလေးငယ်များဖြစ်ကြပါသည်။

ကျေးရွာတွင်းရှိ အများစုမှာ လယ်ယာစိုက်ပျိုးရေးကိုသာ အဓိက လုပ်ကိုင်ကြပြီး လက်လုပ်၊လက်စားများ၊အသေးစားကုန်စုံဆိုင်များ အနည်းငယ်ရှိပါသည်။အခြားလုပ်ငန်းလုပ်ကိုင်သူများလည်း ရှိပါသည်။

စီးပွားရေးအခြေအနေ၊ ဝင်ငွေအခြေအနေ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

ကျေးရွာတွင်နေထိုင်သော လူအများစုမှာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူနှင့် လက်လုပ်လက်စားများသာ ဖြစ်ကြပါသည်။သစ်လုပ်ငန်းလုပ်ကိုင်သူများလည်း ရှိပါသည်။ဝင်ငွေရရှိရေးအတွက် ကျပန်းလုပ်ကိုင်ကြသူများလည်းရှိပါသည်။မြေပိုင်၊ယာပိုင် မဟုတ်သော ဆင်းရဲသားမိသားစုများလည်းရှိပါသည်။ခြုံကြည့်လျှင် စီးပွားရေးအခြေအနေမှာ အသင့်အတင့်ရှိပါသည်။ကျေးရွာတွင် ယောကျ်ားတစ်ယောက်၏လုပ်အားခမှာ(၅၀၀၀)ကျပ်နှင့်အထက်ရှိပြီး အမျိုးသမီးတစ်ယောက်၏လုပ်အားခမှာ (၃၅၀၀)ကျပ်နှင့်အထက်ရှိကြောင်းတွေ့ရပါသည်။

ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ဖွံ့ဖြိုးရေးဆိုင်ရာ စီမံဆောင်ရွက်မှုစနစ်

မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ ဆွတ်နန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံဆောင်ရွက်ရာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများသည် လမ်း/တံတားတည်ဆောက်ခြင်းလုပ်ငန်းများ၊ ကျေးရွာတွင်းအဆောက်အဦးလုပ်ငန်းများအား ပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍သော်လည်းကောင်း၊ ငွေကြေးအကူအညီရယူ၍သော်လည်းကောင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်နေကြပါသည်။ကျေးရွာတွင် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ၊စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲများကို ပိုမိုဆောင်ရွက်နိုင်ရန် စီစဉ်ထားပါသည်။ပညာရေးတွင်လည်း အ.မ.က သာရှိ၍ အ.ထ.ကရှိသော ကျေးရွာမြို့များတွင် ပညာသင်ယူနေကြခြင်းပင်ဖြစ်ပါ သည်။

Scanned by CamScanner

ိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားအသက်မွေးမှုလုပ်ငန်းများ

စစ်ကိုင်းတိုင်းဒေသကြီး၊မော်လိုက်မြို့နယ် ဆွတ်နန်းကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်းကြောင်း လုပ်ငန်းများမှာ ပြည်တွင်း အဖွဲ့အစည်းများမှ ငွေများချေးယူ၍ တရားဝင်ငွေချေးခြင်း၊ကုန်ပစ္စည်းအရောင်းအဝယ်လုပ်ခြင်း လုပ်ကိုင်ကြသည်။ အခြား အလုပ်သမား များအနေဖြင့် ရွှေမျောလုပ်သား၊ပန်းရံလုပ်သား၊လက်သမားလုပ်သားများ အဖြစ် သွားရောက် လုပ်ကိုင်ကြခြင်းဖြင့် အသက်မွေးကြသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေအနေကောင်းနှင့်အဟန့်အတား

ဆွတ်နန်းကျေးရွာ၏ ဆက်သွယ်သွားလာနိုင်မှုမှာ ပွင့်လင်းရာသီ၌ လွယ်ကူသော်လည်း မိုးတွင်းအခါတွင် တံတား၏ယိုယွင်းပျက်စီးမှုကြောင့် အခြားသောယာဉ်ကြီးများ သွားလာနိုင်ခြင်း မရှိပါ။အ.မ.က-ကျောင်းရှိ၍ ပညာရေးတွင် အဆင်ပြေသော်လည်း ကျန်းမာရေးဌာနရွာတွင်မရှိသောကြောင့် မိုးတွင်းတွင် ကျန်းမာရေးမှာ အဆင်မပြေလှပါ။အဟန့်အတားများလည်းရှိပါသည်။အားကစားကွင်း သီးသန့်မရှိပါ။စာကြည့်တိုက်လည်း မရှိပါ။

အခြေခံအဆောက်အဦးများလက်လှမ်းမီမှု၊လမ်း၊တံတား၊လျှပ်စစ်မှီးအား၊သတင်းနှင့်ဆက်သွယ်ရေး

ဆွတ်နန်းကျေးရွာ၏ရွာလမ်းမကြီးမှာ မြေသားလမ်းဖြစ်၍ ပွင့်လင်းရာသီတွင်သာလွယ်ကူစွာ သွားလာနိုင်သော်လည်း မိုးရာသီတွင် ရွံ့နွံများကြောင့် လမ်းမကောင်းသည့်အတွက် ကလေးငယ်များသက်ကြီးရွယ်အိုများနှင့် ကျောင်းသား၊ကျောင်းသူများသွားလာရခက်ခဲခြင်းကြောင့် ဆွတ်နန်းကျေးရွာမှ အလှူရှင်(၂)ဦး၏ စေတနာ၊သဒ္ဓါတရားကြောင့် ကွန်ကရစ်လမ်းဆောက်လုပ်ပြီးစီးပြီးဖြစ်ပါသည်။ကုန်းလမ်းကိုသာ အဓိကထားသွားလာရ၍ ကျေးရွာတွင်စက်ဘီး(၁၀)စီး၊ဆိုင်ကယ်(၃၇)စီး၊သုံးဘီးဆိုင်ကယ်(၂)စီးနှင့် ကား(၂)စီးရှိပါသည်။ယခုအခါတွင် တစ်အိမ်သုံးဆိုလာများကိုသာ အသုံးပြုနေကြရပါသည်။ရွာတွင် တံတား(၁)စင်းသာရှိပါသည်။ကျေးရွာတွင် လက်ကိုင်ဖုန်း(၁၁၉)လုံး၊ရေဒီယို(၄)လုံး၊တီဗွီ(၁)လုံးနှင့်စလောင်း(၂၃)လုံးရှိသဖြင့် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ပိုင်းတွင်အားနည်းမှုမရှိပါ။တစ်ခါတစ်ရံ ဖုန်းလိုင်းမကောင်းမှုနှင့်လည်း တွေ့ကြုံခံစားရပါသည်။

ပညာရေး၊ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ဆွတ်နန်းကျေးရွာ၏ ပညာရေးအနေဖြင့် ကောင်းမွန်ပါသည်။ ပညာရေးကို ဦးစားပေးလုပ်ဆောင်ပေးကြသဖြင့် နှစ်စဉ် အထက်တန်းအောင်သူဦးရေ၊ဘွဲ့ရသူဦးရေမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပါသည်။ကျန်းမာရေးအနေဖြင့် ထူးခြားမှုမရှိပါ။အသင့်တင့်မျှ ကောင်းမွန်ကြပါသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးအနေဖြင့် မိမိနေအိမ်၊လမ်း၊စ ာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဆေးပေး

Scanned by CamScanner

ခန်းဆရာ/ဆရာမနေအိမ် စသည်များကို လူအများစုပေါင်းကာ သန့်ရှင်းရေးများ ပြုလုပ်ပေးလျက်ရှိ၍ စိမ်းလန်းစိုပြေသာယာလျက်ရှိပါသည်။

ကျန်းမာရေးနှင့်အာဟာရ

ဆွတ်နန်းကျေးရွာတွင် အဖြစ်များသောရောဂါများမှာ ငှက်ဖျား၊တုတ်ကွေး၊သွေးတိုးသွေးကျ ရောဂါများနှင့်အကြောနာခြင်း၊ရာသီဥတု အကူးအပြောင်းကာလများတွင်ဖြစ်လေ့ရှိသော နှာစေးခြင်း ချောင်းဆိုးခြင်း စသည့်ရောဂါများလည်း လူကြီး၊လူငယ်အလိုက် မကြာခဏဖြစ်ပွားတတ်ပါသည်။

ထိုသို့ရောဂါများဖြစ်ပွားခံစားရသောအခါ ကင်းတပ်တိုက်နယ်ဆေးရုံတွင် ကုသမှုခံယူကြရပါသည်။ကျေးရွာနေပြည်သူများသည် ကျန်းမာရေးအသိပညာအားနည်းနေပါသည်။စာဖတ်အားနည်းမှုကြောင့်ဟု ထင်မြင်မိ၍ ကာကွယ်ခြင်း၊ကုသခြင်းလုပ်ငန်းများကို အချိန်နှင့်တပြေးညီ လုပ်နိုင်ခြင်း မရှိခဲ့ပါ။ရေကောင်းရေသန့်လုံလောက်စွာမရရှိသော်လည်း လတ်ဆတ်သော အသီးအနှံ အသား၊ငါးများကို ကျေးရွာနေပြည်သူများ ပြည့်ပြည့်ဝဝစားသုံးကြရပါသည်။

ပညာရေးနှင့်ကျွမ်းကျင်မှု

ဆွတ်နန်းကျေးရွာတွင် မူလတန်းနှင့်အလယ်တန်း ပညာတတ်မြောက်မှုနှုန်းမှာ (၄၂%) ရှိပြီး အထက်တန်းပညာတတ်မြောက်မှုနှုန်းမှာ(၅%)ခန့်သာ ရှိပါသည်။တက္ကသိုလ်ဘွဲ့ရရှိထားသည့် ရာခိုင်နှုန်းမှာ(၀.၁%)ခန့်သာရှိပါသည်။

ဤသို့ကျေးရွာအတွင်း ပညာတတ်မြောက်မှုဦးရေနည်းပါးရခြင်းမှာ မိဘများ၏ပညာရေး ဗဟုသုတနည်းပါးခြင်း၊အလုပ်အကိုင်အဆင်မပြေခြင်း၊ပတ်ဝန်းကျင်တွင် အတုယူစရာ ပညာတတ်နည်းပါးခြင်းတို့ကြောင့်ဖြစ်သည်။သို့သော် ယခုအခါတွင် မိဘများကလည်း ပညာရေးကို စိတ်ဝင်စားလာကာ အထိုက်အလျောက် အားပေးလာကြပြီဖြစ်၍ ဆွတ်နန်းကျေးရွာ၏ ဆွတ်နန်းကျေးရွာ၏ ပညာရေးမှာတိုးတက်လာနိုင်ဖွယ်ရှိပါသည်။အချုပ်ဆိုရသော် ကျေးရွာ၏ ပညာရေးနှင့် ကျွမ်းကျင်မှုအားနည်းပါသည်။

ကျား/မဆိုင်ရာဆက်နွယ်မှု

ရပ်ရွာအတွင်း၊ရပ်ရေးရွာရေးကိစ္စများတွင် အမျိုးသားများသာမက အမျိုးသမီးများ ပါဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါသည်။ရပ်ရွာဖွံ့ဖြိုးရေးအတွက် အခြေခံဖြစ်သော ပညာရေး၊လူမှုရေး စသည့် ကိစ္စများအပြင် စီးပွားရေးလုပ်ငန်းများကိုပါ အမျိုးသမီးများက အမျိုးသားများနှင့်တန်းတူလုပ်ကိုင် ဆောင်ရွက်ကြပါသည်။ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းများကို ရပ်ရွာရှိ အမျိုးသား၊အမျိုးသမီး

Scanned by CamScanner

ျားနှင့်ကျောင်းအကျိုးတော်ဆောင်များ၊ကျောင်းသားဓိဘများ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ပူမှုရေးကိစ္စရပ်များတွင်လည်း အမျိုးသားအဖွဲ့ ၊အမျိုးသမီးအဖွဲ့ဟု ဖွဲ့စည်းထား၍ တာဝန်များ ဝေဆောင်ရွက်ကြပါသည်။ကျေးရွာရှိ မည်သည့်ကိစ္စရပ်များ၌မဆို အမျိုးသား၊အမျိုးသမီး၊မခွဲခြားဘဲ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဆွတ်နန်းရွာ၏ အမျိုးသား၊အမျိုးသမီးဆက်နွယ်မှု ကောင်းမွန်သည် ကို ဆိုနိုင်ပါသည်။

ဘာဝပတ်ဝန်းကျင်နှင့် အရင်းအမြစ်ဆိုင်ရာစိမ်ခန့်ခွဲမှု

ဆွတ်နန်းကျေးရွာသည် ချင်းတွင်းမြစ်နှင့်မာန်ဟိန်ချောင်းဆုံတွင် တည်ရှိသောကြောင့် ပိုင်းမြစ်ရေတက်ချိန်၊ချောင်းရေလျှံချိန်များတွင် အနိမ့်ပိုင်းလယ်မြေများမှာရေရှိ၍ ကျန်လယ်များ မှာ မိုးရေကိုသာ အားထားရပါသည်။မိုးခေါင်လျှင် ရေတင်စက်များကို အသုံးပြု၍ လယ်များစိုက်ကြ ရပါသည်။ရေဝင်လယ်များ စိုက်ပျိုးကြသော အချို့တောင်သူအများစုတို့၌လည်း မြစ်ရေ၊ချောင်းရေတို့ ၏ အန္တရာယ်များကျရောက်၍ လယ်ရေပျက်စီးခြင်းဘေးဒုက္ခကို နှစ်စဉ်နှစ်တိုင်း ကြုံတွေ့နေကြရ ပါသည်။ဆောင်းရာသီတွင် မြေပဲ၊နှမ်း၊ပြောင်း၊နေကြာနှင့်ပဲအမျိုးမျိုးတို့ကို စိုက်ပျိုးကြပါသည်။ သစ်တောကြိုးဝိုင်းရှိသည့်အတွက် သစ်လုပ်ငန်းလုပ်ကိုင်သူများလည်းရှိပါသည်။

ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

မော်လိုက်ခရိုင်၊မော်လိုက်မြို့နယ်၊ဆွတ်နန်းကျေးရွာ၏ ဦးစားပေးအစီအစဉ်အလိုက် စီမံ ချက်များမှာ-

၁။ ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း	(၂၀၂၀-၂၀၂၁)
၂။ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	(၂၀၂၁-၂၀၂၂)
၃။ မြေထိန်းနံရံတည်ဆောက်ခြင်း	(၂၀၂၂-၂၀၂၃)
၄။ ကျေးရွာဆိုလာမီးရရှိရေး ဆောင်ရွက်ခြင်း	(၂၀၂၃-၂၀၂၄)
၅။ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း	(၂၀၂၄-၂၀၂၅)

၁) ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း

ဆွတ်နန်းကျေးရွာတွင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရာတွင် (၄၀'×၃၀'×၁၂') ခတိုင်းအတာရှိ ကျောင်းဆောင်သစ်အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးရွာအဖွဲ့အစည်းများ ပူးပေါင်း၍ လူအင်အား ၊ငွေအင်အားဖြင့် ပါဝင်ဆောင်ရွက်ထားပါ

Scanned by CamScanner

သည်။ဂင်းကျောင်းဆောင်သစ်အား ဖွံ့ဖြိုးရေးငွေရရှိပြီး တစ်ပတ်အတွင်း စတင်ဆောင်ရွက်၍ (၂)လအတွင်း အပြီးသတ်လုပ်ဆောင်ခဲ့ပါသည်။

နိဂုံး

မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ဆွတ်နန်းကျေးရွာသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ဌာနဆိုင်ရာများ၏ စီမံချက်ဖြင့်သော်လည်းကောင်း၊ နည်းပညာရယူ၍သော်လည်းကောင်း ပူးပေါင်း၍ ပို၍ဖွံ့ဖြိုးတိုးတက်သောကျေးရွာဖြစ်လာအောင် အစဉ်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ဆွတ်နန်းကျေးရွာ

ရက်စွဲ၊ ၂၀၂၁ခု၊ စက်တင်ဘာလ ( )ရက်

Scanned by CamScanner


မော်လိုက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဆွတ်နှန်း ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဦးစားပေးအဆင့်လုပ်ငန်းများ

ရက်စွဲ၊ ၄.၄.၂၀၂၁

စဉ်	စီမံချက်(Project)	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅	မှတ်ချက်
၁	ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း	✔					
၂	ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း		✔				
၃	မြေထိန်းနံရံ တည်ဆောက်ခြင်း			✔			
၄	ကျေးရွာဆိုလာမီးရှိရေး ဆောင်ရွက်ခြင်း				✔		
၅	ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း					✔	

Scanned by CamScanner




Scanned by CamScanner

မော်လိုက်ပြီးနောက် ဖဝါးလက်ကျော်ဘက်ရှိ အတွင်းနှစ်ကျော်ကြား ကာဆီဂွင်ပြတ်လပ်ခြင်း

အပြစ်အပျက်												
ကာဆီဂွတ												
အကျိုးအကြောင်း	ရောဂါသိမ်း	-	မိုးကင်းထွက်မိုးကြာ	လယ်တွက်	ကောလိုက်	ကောက်ပိုက်	ယောင်း	ပင်ရိုက်၊ ယယ်သိမ်း	ပင်မှိုးစုံ၊ ရေကြောက်	-	ပင်းသိပ်	ပင်းဆိပ်
ပြန်လာစေထိုင်ခွေရာဒီဂရီ	K.K	-	K.K.K	K	K.K.K	K.K.K	K	K.K.K	K.K	-	K.K.K	K.K.K
ချေးငွေလိုအပ်မှု	-	-					-	-	-	-	-	-
ဝမ်းစာဟူလုံမှု	ဟူလုံ	ဟူလုံ	ဟူလုံ	ဟူလုံ	သင့်	သင့်	သင့်	ဟူလုံ	ဟူလုံ	ဟူလုံ	ဟူလုံ	ဟူလုံ
သဘာဝသုံးရေရရှိမှု												
ဒီဇွတ်ရောဂါကျရောက်မှု	ဆီးချိုပ်	ဆီးချိုပ်၊ သိးချိုပ်	ဆွာနာ	ဝွာနာ၊ ကျွာနာ	-	-	အဖအားမိ	-	-	-	-	-
ကျိန်းမာရေးအကြောအခန်	ဝမ်းလျော မှားနာ	မှားနာ	မှားနာ	ငှက်မှား	မှားနာ	-	-	နှာစေး၊ ချောင်းဆိုး	နှာစေး	နှာစေး၊ ချောင်းဆိုး	နှာစေး	-
ပြဿနာ	သက်ကြီးဖို	-	-	ဝါဆို၊ သက်နိုးကပ်	-	-	မီးထွန်းပြဿနာ	ကဆိုပြဿ	-	ကျောင်းခံ ခံပြဿနာ	-	ဗိုလ်ပြုပ်၊ ဘူးဆွဲ
ကာဝေား အန္တရာယ်	လေမီး	လေမီး		ရေကြီး	ရေကြီး	-	-		-	-	-	လေ
အသုံးဝရိတ်												

Scanned by CamScanner

ဆွတ်နှုန်းကျေးကွာလူထုအဖြေပြုအဖွဲ့အစည်းပြုပုံ



စစ်ကိုင်းတိုင်းဒေသကြီး ၊ မော်လိုက်ဖြူနယ် ၊ ဖာဂရက် အုပ်စု ၊ ဆွတ်နှုန်းကျေးကွာ

Scanned by CamScanner

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မော်လိုက်ဖြူနယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)

ကျေးရွာ - ဆွတ်နုန်းကျေးရွာ၊မော်လိုက်ဖြူနယ်

(၄၈)ခုယား

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၆	၁၀
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၁၀	၈	၁၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၁	၁၃	၃၄
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၃	၂၂	၄၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၀၇	၁၃၁	၂၃၈
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၃	၁၂	၂၅
စုစုပေါင်း:		၁၇၈	၁၉၂	၃၇၀
စုစုပေါင်း အိမ်ထောင်စု		၆၉		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ဆွတ်နှန်းအိမ်ထောင်စု (၆၉)ရှိပြီး၊ လူဦးရေ (၄၄၆)ဦးရှိသည်ကိုတွေ့ရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား:

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား:

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား:

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး:				
	ကိုယ်ပိုင် လုပ်ငန်း:	၃၃	၁၁၂	၉	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား: / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး:				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား: / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း: (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)				
	ကိုယ်ပိုင် လုပ်ငန်း:	၁	၂		မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား: / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
၆	ထုတ်ကုန်လုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
	ကိုယ်ပိုင် လုပ်ငန်း:	၄	၄		မြင့် □ လတ်☑ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း:	၃	၃		မြင့် □ လတ်☑ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း:				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း: (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း:)				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်✔ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်✔ နိမ့် ☐
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း:				
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား:	၃၆	၇၁		☒
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း:	၆၉	၁၉၃	၉	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား:"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း:"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ဆွတ်နှန်းကျေးရွာတွင်စိုက်ပျိုးရေး လုပ်ငန်းအဓိကထားလုပ်ကိုင်ကြပြီး၊ အရောင်းအဝယ် အသက်မွေးဝမ်းကျောင်းနှင့်အခြားဝင်ငွေရလုပ်ငန်းများလုပ်ကိုင် ကြသည်ကိုတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား:

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား:

Scanned by CamScanner

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၃၅၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးလုပ်ငန်းနှင့်အခြားဝင်ငွေရလုပ်ငန်းများတွင် ကျား/မ တန်းတူဝင်ငွေရရှိခြင်းမရှိပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၁၂၄.၅	ကောင်း: ☐	သင့်: ☑	ညံ့: ☐
ယာမြေ / တောင်ယာမြေ		ကောင်း: ☐	သင့်: ☐	ညံ့: ☐
ဥယျာဉ်ခြံမြေ		ကောင်း: ☐	သင့်: ☐	ညံ့: ☐
ကိုင်း/ကျွန်းမြေ	၁၅.၅	ကောင်း: ☐	သင့်: ☑	ညံ့: ☐
ဓနိတောမြေ		ကောင်း: ☐	သင့်: ☐	ညံ့: ☐
စားကျက်မြေ		ကောင်း: ☐	သင့်: ☐	ညံ့: ☐
မြေလွတ် မြေလပ်		ကောင်း: ☐	သင့်: ☐	ညံ့: ☐
စုစုပေါင်း:	၁၄၀	☒		

Scanned by CamScanner

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။လယ်ယာမြေ (၁၂၄.၅)ဧကရှိပြီး ကိုင်းကျွန်းမြေ (၁၅.၅)ဧကရှိပြီး မြေအရည်အသွေးအသင့်အတင့်ရှိသည်ကိုတွေ့ရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျောက်၊ သဲ၊ ကျောက်စရစ်များ အနည်းငယ်ရှိပါသည်။ သဘာဝဆေးဘက်ဝင်အပင်များရှိသော်လည်း အသုံးပြုမှုနည်းပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့် ✔	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ✔ ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ

Scanned by CamScanner

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း✔	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၄	၃၀	၂၆	၁၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ မြေယာပိုင်ဆိုင်မှုအသင့်အတင့် အနေအထားရှိခြင်း၊ ဝင်ငွေအား နည်းခြင်း၊ အခြားအလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းများ တွေ့ရှိရပါသည်။

(ဂ) ထိခိုက်လွယ်မှု

(ဂ-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁၅	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = ____၇____ အထောက်အပံ့ယူ = _____ ချေးယူ = ____၈____ လုပ်အားခကြိုယူ = ____၁၅____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၂၈	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ____၁၅____ လုပ်အားခကြိုယူ = ____၁၃____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၂၆	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ဆွတ်နှန်းကျေးရွာတွင်တောင်သူမှရရှိသော ဝင်ငွေဖြင့် မလုံလောက်၍ အစာလျှော့စားခြင်း၊ချေးယူခြင်း၊ လုပ်အားခကြိုယူခြင်းများတွေ့ရပါသည်။

Scanned by CamScanner

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၂	၄	၆
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မော်လိုက်မြို့နယ်၊ ဖဲကဇော်အုပ်စု၊ ဆွတ်နန်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (၆)ဦးရှိသည်ကိုတွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

Scanned by CamScanner

လေ့လာတွေ့ရှိချက်။ ။ ဆွတ်နှန်းကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုအနည်းငယ်ရှိခြင်း၊ အရင်းအမြစ်ရှားပါးခြင်း၊ သစ်တောပြုန်းတီးခြင်း၊ လမ်းပန်းဆက်သွယ်ရေးအနည်းငယ်ခက်ခဲသော ထိခိုက်လွယ်မှုတွေ့ရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☑ လတ် ☐ နိမ့် ☐ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၉	ရွှေပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဆွတ်နှန်းကျေးရွာတွင် မြစ်ကမ်းဘေးနေထိုင်သူ၊ လက်လုပ်လက်စားကျပန်းသမားများ၊ ဆေးစွဲသူများသူများ၊ ရောဂါကူးစက်နိုင်မှုတွင် ထိခိုက်နိုင်ခြေအများဆုံးတွေ့ရပါသည်။

Scanned by CamScanner

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အမျိုးသား/ အမျိုးသမီး လူငယ်အဖွဲ့	၁☐ ၂☑ ၃☐	၁၅	၁၅	၃၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	ဂေါပကအဖွဲ့	၁☐ ၂☐ ၃☑	၅	-	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	ကျောင်းကော်မတီအဖွဲ့	၁☐ ၂☑ ၃☐	၅	၁၀	၁၅	ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၄	မဏ္ဍိုင်အဖွဲ့	၁☐ ၂☑ ၃☐	၈	၂	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	ရပ်မိ/ရပ်ဖ အဖွဲ့	၁☐ ၂☑ ၃☐	၅	၅	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၆	MAMအဖွဲ့	၁☐ ၂☑ ၃☐		၂	၂	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

Scanned by CamScanner

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ် ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင် နိုင်မှု (မှန်ရာတစ် ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး ☐	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ဆွတ်နှန်းကျေးရွာတွင် အဖွဲ့အစည်း(၆)ဖွဲ့သာရှိပြီး၊ လုပ်ကိုင်နိုင်မှုစွမ်းရည် အသင့်တင့်ရှိပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☑ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐

Scanned by CamScanner

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ဆွတ်နန်းကျေးရွာတွင် ပြင်ပမှဆောင်ရွက်ပေးနေသည့်အဖွဲ့ မရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၃၆	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၉	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၇	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၇	တောင်သူလတ်
၅	၁၂.၅ ဧက အထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၆၉	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ဆွတ်နန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်နေသော်လည်း စိုက်ပျိုးဧကနည်းကြောင်းတွေ့ရှိရပါသည်။

Scanned by CamScanner

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☑	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑
၈	ချောင်းရေ	၉၀	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☐ မဖြေဆိုပါ ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာမရှိပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	တင်း		၄၀	၆၀		ဝါဆို	တန်ဆောင်မုန်း	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
	တင်း							မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
	တင်း							မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
	တင်း							မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐

Scanned by CamScanner

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့် ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ		
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဆွတ်နှန်းကျေးရွာတွင် စပါးသီးနှံကိုအဓိက စိုက်ပျိုးပြီးထွက်နှုန်းအသင့်အတင့်ရှိသည်ကိုတွေ့ရပြီး၊ ကာလမှ ဝါဆိုလမှ တန်ဆောင်မုန်းလအထိ (၄)လကြာသည်ကိုတွေ့ရသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၁၀	-	-	-
လက်တွန်းထွန်စက်	-	-	-	-
အစေ့ချ ကိရိယာ	-	-	-	-
ရိတ်သိမ်းခြွေလှေ့စက်	-	-	-	-
ရိတ်သိမ်းစက်	၁	-	-	-
ခြွေလှေ့စက်	၁	-	-	-
ရေစုပ်စက်	၂၅	-	-	-
ခြေနင်းရေတင်စက်	-	-	-	-
မြက်ရိတ်စက်	-	-	-	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး စက်ပစ္စည်းသုံးစွဲမှုအသင့်အတင့်ရှိသည်ကိုတွေ့ရပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း□ ကောင်း□ သင့်တင့်မျှတ☑ မဖြေဆိုပါ□

Scanned by CamScanner

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဥပမာ- ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☐ မဖြေဆိုပါ☑
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ဆွတ်နှန်းကျေးရွာတွင် စိုက်ပျိုးရေးနှင့်ပတ်သက်၍ မြေဆီလွှာ၊ ရာသီဥတု၊ သီးနှံမျိုးစေ့၊ လုပ်သားရရှိနိုင်မှုနှင့် ဈေးကွက်တို့ အသင့်အတင့် ရှိကြောင်းတွေ့ရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

